# ကျင့်ဝတ်စည်းမျဉ်း
## ကျင့်ဝတ်



### ကျွန်ုပ်တို့၏ လုပ်ငန်းတာဝန်
ကမ္ဘာကြီးအား တာဝန်သိစွာ ကျွေးမွေးရန် နှင့် ကမ္ဘာဂြိုဟ်ကို ကာကွယ်ရန်။

### ကျွန်ုပ်တို့၏ မျှော်မှန်းချက်
ပူးပေါင်းဆောင်ရွက်မှုရှိသော လူ့အဖွဲ့အစည်း၊ ဆာလောင်ငတ်မွတ်မှုကင်းသော ကမ္ဘာ၊ လေးစားဖွယ် ကမ္ဘာမြေ။













ပစ္စည်းပေးသွင်းသူများ၊ ဖြန့်ချိသူများ၊ အေးဂျင့်များ၊ တစ်ဆင့်ပြန်လည်ရောင်းချသူများ၊ ဖက်စပ်ပါတနာများ၊ ဝယ်ယူသူများနှင့် မဟာဗျူဟာမြောက် ပါတနာများ အပါအဝင် ထိုမျှသာမကသော Yara ၏ လုပ်ငန်းပါတနာတစ်ဦးစီတိုင်းကို ကျွန်ုပ်တို့၏ လုပ်ငန်းတာဝန်၊ မျှော်မှန်းချက်၊ တန်ဖိုးများနှင့်အညီ Yara ၏ အောင်မြင်မှုနှင့် တာဝန်ယူမှုရှိသော လုပ်ငန်းဆောင်ရွက်မှုကို အားဖြည့်ကူညီသည့် ကမ္ဘာလုံးဆိုင်ရာ အသင်းအဖွဲ့ကြီး၏ အရေးကြီးသော အဖွဲ့ဝင်အဖြစ် မှတ်ယူပါသည်။ လုပ်ငန်းပါတနာများအတွက် Yara ၏ ကျင့်ဝတ်သည် သဘောသဘာဝ၊ လုပ်ငန်းဆောင်ရွက်မှုအမျိုးအစား သို့မဟုတ် ကြာချိန်နှင့်မဆိုင်ဘဲ Yara နှင့် လုပ်ငန်းပတ်သက်မှုရှိသည့် တစ်ဦးတစ်ယောက်ချင်းစီနှင့် ကုမ္ပဏီအားလုံးနှင့် သက်ဆိုင်ပါသည်။ ၎င်းတွင် တရားဝင်အမျိုးအစား၊ ပိုင်ဆိုင်မှု တည်ဆောက်ပုံနှင့် တရားဝင် ပေါင်းစပ်ဖွဲ့စည်းထားသော တရားစီရင်ပိုင်ခွင့်အားလုံးရှိ ကုမ္ပဏီများ ပါဝင်သည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ Yara ကဲ့သို့ ကော်ပိုရိတ်တန်ဖိုးများကို မျှဝေပြီး ကျင့်ဝတ်နှင့်အညီ လုပ်ငန်းဆောင်ရွက်သော လုပ်ငန်းပါတနာများနှင့် ဆက်ဆံရေးများ တည်ဆောက်ရန် ဖြစ်ပါသည်။

ဤစာရွက်တမ်းသည် အောက်ပါတို့ကို အကျဉ်းချုပ်ဖော်ပြသည်-

**က)** Yara ၏ လုပ်ငန်းပါတနာများအတွက် တင်းကျပ်သော တရားဝင် တာဝန်ဝတ္တရားများ။ Yara နှင့်လက်တွဲ၍ လုပ်ငန်းလုပ်ဆောင်စဉ် မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် ညှိနှိုင်းလျှော့ပေါ့မှုမရှိသော စံနှုန်းများနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များပါဝင်သည်။

**ခ)** မျှော်မှန်းစံနှုန်းများ။ လုပ်ငန်းပါတနာများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြစေရန် Yara က လိုလားမျှော်လင့်သည့် စံနှုန်းများ ပါဝင်သည်။

တင်းကျပ်သော တရားဝင် တာဝန်ဝတ္တရားများကို ချိုးဖောက်ပါက Yara သည် လုပ်ငန်းဆောင်ရွက်မှုကို ရပ်ဆိုင်းပိုင်ခွင့်ရှိပြီး မျှော်မှန်းစံနှုန်းများကို ချိုးဖောက်ပါက ကုစားမှုကို ၎င်းလုပ်ငန်းပါတနာများကို ကူညီဖြေရှင်း၊ ပံ့ပိုးကူညီမည်ဖြစ်သည်။ ဤစာရွက်စာတမ်းတွင် အကျဉ်းချုပ်ဖော်ပြထားသော တာဝန်ဝတ္တရားများ၊ မျှော်မှန်းချက်များနှင့် အညီ Yara သည် လုပ်ငန်းပါတနာများကို စောင့်ကြည့်ပိုင်ခွင့် သို့မဟုတ် စစ်ဆေးပိုင်ခွင့်ရှိသည်။

မလျော်ကန်သောအပြုအမူ သို့မဟုတ် ကျင့်ဝတ်နှင့်မညီသော လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများကို Yara ကျင့်ဝတ်ဟော့လိုင်း **www.yara.com** မှတစ်ဆင့် အမည်ဖော်ပြစရာမလိုဘဲ တရားဝင် တိုင်ကြားနိုင်သည်

## Yara ၏ လုပ်ငန်းပါတနာများအတွက် တရားဝင် တာဝန်ဝတ္တရားများ

### 1) အထွေထွေလေးစားလိုက်နာမှု
Yara ၏ လုပ်ငန်းပါတနာများသည် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အောက်တွင်ဖော်ပြထားသော အကြောင်းအရာ 2 မှ 10 အထိ အပါအဝင် သက်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းအားလုံးကို လိုက်နာရမည်ဖြစ်ပြီး ဤစာရွက်စာတမ်းတွင် ဖော်ပြထားသော စံနှုန်းများကို ချိုးဖောက်ကြောင်း သို့မဟုတ် မလိုက်နာကြောင်း သံသယရှိပါက အချက်အလက်ကို ပူးတွဲ၍ အတည်ပြုရန်အတွက် Yara ကို အသိပေးရမည်။ ဤအချက်သည် Yara ၏ လုပ်ငန်းပါတနာများအပြင် ၎င်းတို့၏တစ်ဆင့်ခံကန်ထရိုက်များနှင့်ပါ သက်ဆိုင်ပါသည်။

### 2) လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှုနှင့် လိမ်လည်မှု
Yara ၏ လုပ်ငန်းပါတနာများသည် လုပ်ငန်းကျင့်ဝတ်ဆိုင်ရာ အမြင့်ဆုံးစံနှုန်းများကို လိုက်နာရမည်၊ သက်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာရမည်၊ လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှု၊ လုပ်ငန်းမြန်ဆန်စေရန် အကျိုးဆောင်ခ ငွေပေးခြင်းများ၊ မသမာကြေး၊ တရားမဝင်သော သဒ္ဒါကြေးနှင့် ခြိမ်းခြောက်ငွေညှစ်မှုအပါအဝင် အကျင့်ပျက်ခြစားမှု ပုံစံအားလုံးတွင် ပါဝင်ပတ်သက်ခြင်း မပြုရပါ။ Yara သည် လုပ်ငန်းမြန်ဆန်စေရန် အကျိုးဆောင်ခ ငွေပေးခြင်းများကို အကျင့်ပျက်ခြစားသော လုပ်ရပ်ကဲ့သို့ပင် သဘောထားပြီး သက်ညှာမှုလုံးဝမရှိသော မူဝါဒကို ကျင့်သုံးသည်။ လုပ်ငန်းပါတနာများသည် Yara နှင့် ၎င်းတို့အကြား လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်ဆံရေးတွင် လိမ်လည်မှုမရှိစေရန်အလို့ငှာ ကျိုးကြောင်းဆီလျော်၍ သင့်တော်သော အစီအမံများ ထားရှိဆောင်ရွက်ရမည်။

### 3) ငွေကြေးခဝါချမှု
Yara ၏ လုပ်ငန်းပါတနာများသည် သက်ဆိုင်ရာ ငွေကြေးခဝါချမှု ဆန့်ကျင်ရေး ဥပဒေများနှင့် စည်းမျဉ်းများ အားလုံးကို လိုက်နာ၍ မည်သည့်ပုံစံဖြင့်မဆို သို့မဟုတ် မည်သည့်တည်နေရာ၌မဆို ငွေကြေးခဝါချခြင်းတွင်ဖြစ်စေ၊ ယင်းနှင့်ဆက်စပ်သော လုပ်ဆောင်ချက်များတွင်ဖြစ်စေ လုံးဝပါဝင်ပတ်သက်မှု မရှိစေရန် တင်းကျပ်သော ထိန်းချုပ်မှုများနှင့် အကာအကွယ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

### 4) အရေးယူပိတ်ဆို့မှုများနှင့် ပို့ကုန်ထိန်းချုပ်မှုများ
Yara ၏ လုပ်ငန်းပါတနာများသည် သက်ဆိုင်ရာ စီးပွားရေး အရေးယူပိတ်ဆို့မှုများ၊ ကုန်သွယ်ရေး တားမြစ်ချက်များ၊ ပို့ကုန်ထိန်းချုပ်မှု ဥပဒေများနှင့် စည်းမျဉ်းများ အားလုံးကို လေးစားလိုက်နာရမည်။ လုပ်ငန်းပါတနာများသည် ထိုကဲ့သို့ တားမြစ်ချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ချိုးဖောက်သော သို့မဟုတ် သက်ဆိုင်ရာ အရေးယူပိတ်ဆို့မှုစနစ်များအား ရှောင်လွှဲသော မည်သည့်အရောင်းအဝယ်ကိစ္စမျိုးတွင်မျှ ပါဝင်ပတ်သက်ခြင်းမပြုရပါ။

### 5) မျှတစွာ ယှဉ်ပြိုင်ခြင်း
ဈေးနှုန်းကို ပုံသေသတ်မှတ်ခြင်း၊ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများ ပံ့ပိုးခြင်းကို ကန့်သတ်ခြင်း၊ ဈေးပြိုင် လေလံဆွဲခြင်းနှင့် ဈေးကွက်မျှဝေခြင်း အပါအဝင် ယှဉ်ပြိုင်မှုကို ဆန့်ကျင်သော သဘောတူညီချက်များ သို့မဟုတ် လုပ်ဆောင်မှုကို Yara က တင်းကျပ်စွာ တားမြစ်သည်။ ကျွန်ုပ်တို့၏ လုပ်ငန်းပါတနာများက လွတ်လပ်၍ မျှတသော ယှဉ်ပြိုင်မှုကို ကတိကဝတ်ပြုရမည်ဖြစ်ပြီး သက်ဆိုင်ရာ ယှဉ်ပြိုင်ခြင်း ဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာရမည်။

### 6) ထုတ်ကုန်များ သုံးစွဲမှု
Yara သည် ကျွန်ုပ်တို့၏ ထုတ်ကုန်များအား တရားမဝင် ရည်ရွယ်ချက်များအတွက် အလွဲသုံးစားပြုခြင်းကို လက်သင့်ခံမည်မဟုတ်ပါ။ ဤအချက်တွင် ကုန်ချောပစ္စည်းများ၊ ထုတ်လုပ်ဆဲပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို တရားမဝင် မူးယစ်ဆေးဝါးများနှင့် တရားမဝင် ဖောက်ခွဲရေး ပစ္စည်းများ ထုတ်လုပ်ရာတွင် တလွဲအသုံးပြုခြင်းတို့ အကန့်အသတ်မဲ့ ပါဝင်ပါသည်။ တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်လုပ်ငန်းစဉ်များကို ခိုင်မာစေရန် ကျွန်ုပ်တို့က ကြိုးပမ်းရာတွင် အလွဲသုံးစားပြုမှုကို တားဆီးရန် သို့မဟုတ် ယင်းလုပ်ရပ်ကို ရှာဖွေဖော်ထုတ်ပြီး ချက်ချင်းဖြေရှင်းနိုင်ရန်အတွက် ကုန်ပစ္စည်းထောက်ပံ့ရေး လုပ်ငန်းစဉ်အဆင့်ဆင့်တွင် လုံလောက်သော စောင့်ကြည့်စစ်ဆေးသည့် စနစ်များ ထည့်သွင်းထားရှိရန် တာဝန်ဝတ္တရားများ အကြောင်းကို Yara က ၎င်း၏ လုပ်ငန်းပါတနာများအား အစဉ်မပြတ် အသိပေးလျက်ရှိပါသည်။ ရေးသားဖော်ပြထားသည့်အတိုင်း အန္တရာယ်ရှိပစ္စည်းများ စီမံခန့်ခွဲမှုနှင့်ဆက်စပ်သော သက်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများ၊ Yara ၏ လမ်းညွှန်ချက်များကို လေးစားလိုက်နာခြင်း သည်လည်း လိုအပ်ချက်တစ်ခုပင်ဖြစ်ပါသည်။

ရှေ့ဆက်ရန်

**7)** ကလေးအလုပ်သမား သို့မဟုတ် အတင်းအကျပ်ခိုင်းစေခြင်း

Yara သည် လူကုန်ကူးခြင်း၊ ဆန္ဒမပါဘဲ လုပ်ကိုင်စေခြင်း၊ ကြွေးမြီချုပ်နှောင်မှုဖြင့် သို့မဟုတ် အတင်းအကျပ် ခိုင်းစေခြင်းကို အသုံးမပြုပါ သို့မဟုတ် လက်မခံပါ။ ထို့အပြင် ကျွန်ုပ်တို့ကိုယ်စား ထိုသို့လုပ်ဆောင်သူကိုလည်း လက်ခံမည်မဟုတ်ပါ။ လုပ်ငန်းပါတနာများက တစ်နည်းနည်းဖြင့် ကလေးလုပ်သား အသုံးပြုပါက UNICEF နှင့် ILO တို့၏ လမ်းညွှန်ချက်များကဲ့သို့ နိုင်ငံတကာ အသိအမှတ်ပြု စံနှုန်းများအပြင် ဒေသတွင်း ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာရမည်။ လုပ်ငန်းပါတနာများသည် ခေါ်ယူထားသော လုပ်သားများ၏ အသက်အရွယ်ကို စိစစ်ရန်အတွက် ထိရောက်သော အတွင်းပိုင်းထိန်းချုပ်မှုများကို အကောင်အထည်ဖော်ရန် မျှော်လင့်ပါသည်။

**8)** ခွဲခြားဆက်ဆံခြင်းနှင့် ထိပါးနှောင့်ယှက်ခြင်း

ကျွန်ုပ်တို့ လုပ်ငန်းပါတနာများ၏ ဝန်ထမ်းများကို လေးစားမှုရှိရှိ၊ ဂုဏ်သိက္ခာရှိစွာဖြင့် ဆက်ဆံရမည်ဖြစ်ပြီး လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာ၊ လိင်အမျိုးအစား၊ အသက်အရွယ်၊ နိုင်ငံသား၊ လိင်စိတ်တိမ်းညွတ်မှု၊ အိမ်ထောင်ရှိမရှိ သို့မဟုတ် မသန်စွမ်းမှုတို့နှင့် သက်ဆိုင်ခြင်းမရှိဘဲ စွမ်းဆောင်ရည်ပေါ်တွင်သာ မူတည်၍ အခွင့်အလမ်းများကို မျှတစွာ ပေးအပ်ရမည်ဟု Yara က သတ်မှတ်ထားပါသည်။ Yara ၏ လုပ်ငန်းပါတနာများသည် မျှတသော အလုပ်ခွင် ဖန်တီးရန် ကတိကဝတ်ပြုရမည်ဖြစ်ပြီး အလုပ်ခန့်အပ်ခြင်းနှင့် အလုပ်ခန့်အပ်မှု ကျင့်ထုံးများရှိ ခွဲခြားဆက်ဆံမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသတွင်းဥပဒေအားလုံးကို လိုက်နာရမည်။

**9)** ဘေးကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော အလုပ်ခွင်

Yara ၏ လုပ်ငန်းပါတနာများသည် နိုင်ငံတကာစံချိန်စံညွှန်းများ၊ နိုင်ငံတွင်း ဥပဒေများနှင့်အညီ ၎င်း၏ ဝန်ထမ်းများနှင့် ကန်ထရိုက်တာများအတွက် ဘေးကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော အလုပ်ခွင်ကို ပံ့ပိုးပေးရမည်။

**10)** လျှို့ဝှက်ထိန်းသိမ်းမှုနှင့် ဒေတာလုံခြုံရေး

Yara ၏ လုပ်ငန်းပါတနာများသည် သက်ဆိုင်ရာ ဒေတာလုံခြုံရေးဥပဒေများနှင့် စည်းမျဉ်းများကို လေးစားလိုက်နာရမည်။

## Yara ၏ လုပ်ငန်းပါတနာများအတွက် မျှော်မှန်းစံနှုန်းများ

**1)** အထွေထွေ မျှော်မှန်းချက်

Yara ၏ လုပ်ငန်းပါတနာများအနေဖြင့် သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ထိန်းရေး (ESG) ဥပဒေများနှင့် စည်းမျဉ်းများကို လေးစားလိုက်နာပြီး အောက်ပါအချက် 2 မှ 9 အတွင်း ဖော်ပြထားသည့်အတိုင်း တူညီသော စံနှုန်းများကို ထိန်းသိမ်းကာ အထူးသဖြင့် Yara အတွက် လုပ်ငန်းဆောင်ရွက်ပေးနေစဉ် မိမိတို့၏ သီးသန့်လုပ်ငန်းပါတနာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများအတွက် အလားတူ စံနှုန်းများ ချမှတ်ထားရန် မျှော်မှန်းထားပါသည်။

**2)** လုပ်ငန်းတန်ဖိုးကွင်းဆက်အတွင်း လူ့အခွင့်အရေး

Yara က ၎င်း၏ ဥပဒေအရ ကြိုတင်စိစစ်လေ့လာခြင်းနှင့် အစီရင်ခံတင်ပြခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကျိုးကြောင်းဆီလျော်၍ လိုအပ်လာပါက လုပ်ငန်းပါတနာများအနေဖြင့် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုများ၊ လုပ်ငန်းဆက်ဆံရေးများနှင့်ပတ်သက်၍ တိကျမှန်ကန်သော သက်ဆိုင်သည့် အချက်အလက်များကို ပံ့ပိုးပေးခြင်းဖြင့် လုပ်ငန်းတန်ဖိုးကွင်းဆက်အတွင်း လူ့အခွင့်အရေးကို ထိခိုက်စေသည့် သက်ရောက်မှုများကို ရှာဖွေဖော်ထုတ်၊ တားဆီး၍ လျှော့ချရာတွင် Yara အား ကူညီပံ့ပိုးပေးရန် မျှော်မှန်းထားသည်။

**3)** လုပ်ငန်းအရ လက်ဆောင်များနှင့် ဧည့်ဝတ်ကျေပွန်မှု

လက်ဆောင်များ ပေးအပ်ခြင်း သို့မဟုတ် လက်ခံခြင်း မပြုလုပ်ရန် ဦးစားပေးခြင်းမှာ Yara ၏ အဓိကစည်းမျဉ်း ဖြစ်သည်။ Yara ဝန်ထမ်းများသည် ၎င်းတို့၏မန်နေဂျာထံမှ စာရေးသားဖော်ပြထားသော အတည်ပြုချက်မရှိဘဲ 75 USD ထက်များသော လက်ဆောင်များကို ပေးခြင်း သို့မဟုတ် လက်ခံခြင်း ပြုလုပ်၍မရပါ။ Yara ဝန်ထမ်းများသည် လက်ဆောင်နှင့်/သို့မဟုတ် ဧည့်ဝတ်ပြုမှု ပေးဆောင်ခြင်း သို့မဟုတ် လက်ခံရယူခြင်းဖြင့် အခြားသူများကို လွှမ်းမိုးရန် မလုပ်ဆောင်ပါ သို့မဟုတ် အခြားသူများ၏ လွှမ်းမိုးမှုကို မခံပါ။

**4)** လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းညှိနှိုင်းခွင့်

ကုန်သွယ်ရေးသမဂ္ဂများ သို့မဟုတ် အလားတူ ပြင်ပ ကိုယ်စားပြု အဖွဲ့အစည်းများ အပါအဝင် ဝန်ထမ်းများ၏ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်ကို လုပ်ငန်းပါတနာများအနေဖြင့် လေးစားပြီး လိုက်နာကြမည်ဟု Yara က မျှော်လင့်ပါသည်။ ၎င်းတို့၏ဝန်ထမ်းများသည် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းများနှင့်အညီ အဖွဲ့အတွက် ညှိနှိုင်းခွင့်နှင့် ကုန်သွယ်ရေးသမဂ္ဂ သို့မဟုတ် အခြားကိုယ်စားပြု အဖွဲ့အစည်းတွင် မပါဝင်ရန် မဲပေးပိုင်ခွင့် ရှိရမည်ဖြစ်သည်။ အဆိုပါအခွင့်အရေးများကို ကန့်သတ်ထားသောအခါ ကျွန်ုပ်တို့၏ လုပ်ငန်းပါတနာများအနေဖြင့် အကျိုးရှိသော အလုပ်သမား-ဝန်ထမ်း ပူးပေါင်းလုပ်ဆောင်မှုအတွက် အခြားနည်းလမ်းများကို ရှာဖွေရန် မျှော်လင့်ပါသည်။ လုပ်ငန်းပါတနာများသည် ၎င်းတို့၏ဝန်ထမ်းများအား အခကြေးငွေနှင့် ဆက်စပ်ကုန်ကျစရိတ်များကဲ့သို့သော ၎င်းတို့၏ ဝန်ထမ်းခေါ်ယူရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုးများမှ ကင်းဝေးစေရန်နှင့် ဝန်ထမ်းများ၏ လွတ်လပ်စွာ လှုပ်ရှားခွင့်ကို မည်သည့်နည်းဖြင့်မျှ ကန့်သတ်မထားကြောင်း သေချာစေရန်လည်း မျှော်လင့်ပါသည်။

**5)** ကိုယ်ကျိုးစီးပွား ပါဝင်ပတ်သက်မှုများ

Yara က ၎င်း၏ ဝန်ထမ်းများနှင့် လုပ်ငန်းပါတနာများအနေဖြင့် အမှန်တကယ်ဖြစ်သည့်၊ ဖြစ်လာနိုင်ခြေရှိသည့် သို့မဟုတ် ဖြစ်လာနိုင်သည်ဟု ယူဆရသည့် ကိုယ်ကျိုးစီးပွား ပါဝင်ပတ်သက်မှု အခြေအနေများ ရှိသောအခါ ချက်ချင်းဖော်ထုတ်ပြောပြ၍ ဖြေရှင်းကြမည်ဟု မျှော်လင့်ပါသည်။

**6)** တူညီသော လုပ်အားခနှင့် အလုပ်ချိန်

လုပ်ငန်းပါတနာများသည် ပုဂ္ဂိုလ်ရေး ယုံကြည်ချက်များ သို့မဟုတ် တစ်ဦးတစ်ယောက်၏ ဝိသေသလက္ခဏာများပေါ်အခြေမခံဘဲ ဝန်ထမ်းများကို ၎င်းတို့ ဆောင်ရွက်သော အလုပ်အတွက် မျှတစွာ ငွေပေးချေရန် မျှော်မှန်းသည်။ ဝန်ထမ်း၊ အကြံပေး သို့မဟုတ် ကန်ထရိုက်များအတွက် တစ်ဦးချင်း ငွေပေးချေမှုသည် ရာထူး၊ စွမ်းဆောင်ရည်နှင့် လုပ်နိုင်စွမ်းပေါ် အခြေခံ၍သာ ကွဲပြားရမည်။ အခကြေးငွေအားလုံးသည် သက်ဆိုင်ရာ အနိမ့်ဆုံး လုပ်အားခ သတ်မှတ်ချက်များနှင့် မဖြစ်မနေ ကိုက်ညီရမည်ဖြစ်ပြီး ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများအတွက် သင့်တင့်သော လူနေမှုဘဝစံနှုန်းတစ်ရပ်ကို ပံ့ပိုးပေးနိုင်မည့် နေထိုင်စရိတ်အတိုင်း ဖြစ်စေရန် ကြိုးပမ်းရမည်။ အလုပ်လုပ်ချိန်၊ နားချိန်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများကိုလည်း လုပ်ငန်းပါတနာများက လိုက်နာရန် ကျွန်ုပ်တို့ မျှော်မှန်းသည်။

**7)** တိုင်းရင်းသား လူမျိုးများ

လုပ်ငန်းပါတနာများအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ထိခိုက်ခံစားရသော တိုင်းရင်းသားလူမျိုးများကို သိရှိနားလည်ပြီး အသိအမှတ်ပြုရန်နှင့် တိုင်းရင်းသားများ၏ အခွင့်အရေးများကို လေးစားကာ ချိုးဖောက်မှုများမရှိအောင် ကာကွယ်ကြမည်ဟု Yara က မျှော်လင့်ပါသည်။ တိုင်းရင်းသားလူမျိုးများသည် ၎င်းတို့အပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည့် ဆုံးဖြတ်ချက်များအတွက် အသိပေးခံရရန်နှင့် အသိပေးခံရပြီး ၎င်းတို့၏ သဘောတူညီချက်ကို တောင်းခံခြင်းခံရရန် အခွင့်အရေး ရှိပါသည်။

**8)** သဘာဝပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ပေါ် သက်ရောက်မှုကို ကာကွယ်ခြင်း

လုပ်ငန်းပါတနာများအနေဖြင့် သက်ဆိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများအားလုံးနှင့်အညီ လုပ်ငန်းဆောင်ရွက်ကြမည်ဟု မျှော်လင့်ပါသည်။ လုပ်ငန်းပါတနာများအား လုပ်ငန်းဆောင်ရွက်မှု၊ ထုတ်ကုန်များနှင့် ဆက်စပ်သော သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့် အန္တရာယ်ဖြစ်နိုင်ခြေများကို သက်တမ်းစက်ဝန်း အပြည့်ရှုထောင့်မှ ထည့်သွင်းစဉ်းစားထားသည့် သင့်လျော်သော သဘာဝပတ်ဝန်းကျင်မူဝါဒနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုစနစ် ရေးဆွဲအကောင်အထည်ဖော်ရန် Yara က မျှော်လင့်ပါသည်။ သဘာဝရင်းမြစ်များ၊ စွမ်းအင်နှင့် ရေကို အကောင်းဆုံးအသုံးချရန်နှင့် လေ၊ ရေနှင့် မြေအောက်ရေ၊ မြေဆီလွှာ၊ ဇီဝမျိုးကွဲများနှင့် ရာသီဥတုအပေါ် အပျက်သဘောဆောင် သက်ရောက်မှုကို အနည်းဆုံးဖြစ်စေရန် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော နည်းပညာများ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အသုံးပြုရန်လည်း မျှော်လင့်ပါသည်။

**9)** မကျေနပ်ချက်တိုင်ကြားမှုစနစ်များ

လုပ်ငန်းပါတနာများအနေဖြင့် အလုပ်သမားများအတွက်နှင့် သက်ဆိုင်သူများအတွက် အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်သော၊ လျှို့ဝှက်ထားရှိသော၊ လက်တုံ့ပြန်မှုမရှိသော တိုင်ကြားရေးစနစ်များနှင့် မကျေနပ်ချက်ဖြေရှင်းရေး လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်ကြမည်ဟု Yara က မျှော်လင့်ပါသည်။

Yara ဝန်ထမ်း၊ အကြံပေး သို့မဟုတ် ကန်ထရိုက် သို့မဟုတ် လုပ်ငန်းပါတနာတစ်ဦးတစ်ယောက်၏ ကျင့်ဝတ်ဆိုင်ရာ ချိုးဖောက်မှု သို့မဟုတ် စိုးရိမ်ပူပန်မှုကို Yara ၏ ကျင့်ဝတ်နှင့် လေးစားလိုက်နာမှုဌာနထံ ethics@yara.com သို့ ချက်ချင်း တိုင်ကြားရပါမည်

Yara ၏ ကျင့်ဝတ်ဟော့လိုင်း၊ ကျင့်ဝတ်နှင့် လေးစားလိုက်နာမှု အဖွဲ့အကြောင်း အသေးစိတ်သိရှိရန် www.yara.com ကို ကိုးကားကြည့်ရှုပါ။

ဩဂုတ်လ 2026